မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများလိုက်နာရန် စည်းကမ်းချက်များ ထားရှိထားကြောင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မီးလောင်ခြင်းနှင့် လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်မှုများအတွက် အရေးပေါ် ဆောင်ရွက်ထားရှိမည့်အစီအစဉ်များကို ဖော်ပြထားကြောင်း၊

(ဌ) အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းတွင် စီမံကိန်းလုပ်ငန်းအဆင့်ဆင့်၊ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများ၊လျော့နည်းစေရေးဆောင်ရွက်မည့်အစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးမှုရလဒ်များနှင့် တွေ့ဆုံဆွေးနွေးမှု မှတ်တမ်းဓါတ်ပုံကို နောက်ဆက်တွဲ(ဇ) တွင် ဖော်ပြထားကြောင်း၊

(ဍ) အခန်း (၁၁) စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်ရန်ပုံငွေလျာထားချက်များ ဖော်ပြချက်တွင် ရန်ပုံငွေလျာထားချက်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရေအရည်အသွေး၊ လေအရည်အသွေး၊ မြေထုအရည်အသွေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ ဆူညံသံများနှင့်နှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုမည့်နေရာ၊ စောင့်ကြပ်ကြည့်ရှုမည့်အကြိမ်အရေအတွက်နှင့် တိုင်းတာစစ်ဆေးမည့် Parameter များ၊ ဂေဟာစနစ်နှင့် လူမှုပတ်ဝန်းကျင်ကို စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များကို ဖော်ပြထားကြောင်း၊

(ဎ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား ဆောင်ရွက်မည့် အဖွဲ့အစည်းနှင့် ရန်ပုံငွေလျာထားချက်အား စာမျက်နှာ(၇၉)တွင် ဖော်ပြထားကြောင်း၊

(ဏ) မိုင်းပိတ်သိမ်းခြင်းအစီအစဉ်နှင့်ပတ်သက်၍ အပေါ်ယံမြေစာများအား ကျင်းချိုင့်များတွင် ပြန်လည်ဖို့၍ သစ်ပင်များ ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်၊ စီမံကိန်းနှင့် ဆက်စပ်ဧရိယာများတွင် ရေအရည်အသွေး၊ မြေအရည်အသွေးညစ်ညမ်းမှု စစ်ဆေးမည့်အစီအစဉ်၊ အဆောက်အဦနှင့် စက်ပစ္စည်းများ ပြန်လည်ဖယ်ရှားမည့် အစီအစဉ်နှင့် ဒေသခံအလုပ်သမားများအား ပြောင်းရွှေ့ခန့်ထားပေးမည့်အစီအစဉ်များကို ဖော်ပြထားကြောင်း၊

၃။ ထာဝရသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ ဝင်းကြီးကျေးရွာအုပ်စုအတွင်းရှိ **(SWTO – 17A, 18A, 19A, 20A)** တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက်တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီပါကြောင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ထိခိုက်မှုလျှော့ချရေးအစီအစဉ်များကို တိကျစွာအကောင်အထည်ဖော် ဆောင်ရွက်ပါကပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက်မှုများလျှော့ချနိုင်မည်ဖြစ်သဖြင့် အတည်ပြုထုတ်ပြန်နိုင်သည့် အစီရင်ခံစာဖြစ်ပါသည်။